ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏ နိုင်ငံစုံစက်မှု မူဝါဒဆိုင်ရာဖိုရမ်သို့
ဗီယင်နာမြို့အခြေစိုက် မြန်မာအမြဲတမ်းကိုယ်စားလှယ်တက်ရောက်
(၂၅-၁၀-၂၀၂၄ ရက်၊ ရီရတ်ဒ်)

ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ်မြို့တွင် ၂၃-၁၀-၂၀၂၄ ရက်မှ ၂၄-၁၀-၂၀၂၄ ရက်အထိ ကျင်းပခဲ့သော ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (UNIDO)၏ နိုင်ငံစုံစက်မှု မူဝါဒဆိုင်ရာဖိုရမ်-၂၀၂၄(MIPF-2024)သို့ ဗီယင်နာမြို့အခြေစိုက်ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းတက်ရောက်ခဲ့ပါသည်။

အဆိုပါဖိုရမ်၏ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင်ဆော်ဒီအာရေဗျနိုင်ငံ၏ စက်မှုနှင့် သယံဇာတရင်းမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bandar bin Ibrahim Alkhorayef၊ အထူးဧည့်သည်တော်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး မင်းသား HRH Mr. Abdulaziz Bin Salman၊ UNIDO ညွှန်ကြားရေးမှူးချုပ် Mr. Gerd Muller နှင့် ဂီနီနိုင်ငံဝန်ကြီးချုပ် H.E. Mr. Amadou Qury Bah တို့က မိန့်ခွန်းများအသီးသီးပြောကြားခဲ့ပါသည်။ ထို့နောက် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲများနှင့် အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့ပါသည်။

အဆိုပါဖိုရမ်ကျင်းပသည့်ကာလအတွင်း မြန်မာအမြဲတမ်းကိုယ်စားလှယ်သည် ဖိုရမ်ဖွင့်ပွဲ၊ ပိတ်ပွဲ၊ လက်မှတ်ရေးထိုးပွဲ အခမ်းအနားများ၊ စားပွဲဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး၊ ဆော်ဒီအာရေဗျနိုင်ငံနှင့် UNIDO တို့က "Accelerating SDGs through Industry" ခေါင်းစဉ်ဖြင့် ဖွင့်လှစ်ပြသသော ပြခန်းသို့ သွားရောက်လေ့လာခဲ့ပါသည်။ ထို့ပြင် အမြဲတမ်းကိုယ်စားလှယ်သည် ၂၃-၁၀-၂၀၂၄ ရက် ညနေပိုင်းတွင် ကျင်းပသော Gala Dinner သို့လည်း တက်ရောက်ခဲ့ပါသည်။

*************************************

Myanmar Permanent Representative attends UNIDO's Multilateral Industrial Policy Forum (MIPF-2024)

(25-10-2024, Riyadh)

Ambassador U Min Thein, Permanent Representative of the Republic of the Union of Myanmar to United Nations and Other International Organizations in Vienna attended the United Nations Industrial Development Organization (UNIDO)'s Multilateral Industrial Policy Forum-2024 (MIPF-2024) held in Riyadh, Saudi Arabia from 23 to 24 October 2024.

At the opening ceremony of the Forum, host country Saudi Arabia's Minister of Industry and Mineral Resources H.E. Mr. Bandar bin Ibrahim Alkhorayef, Guest of Honour Minister of Energy HRH Mr. Abdulaziz Bin Salman, UNIDO Director-General Mr. Gerd Muller, and Prime Minister of Guinea H.E. Mr. Amadou Qury Bah delivered remarks respectively. Afterwards, roundtable discussions were held at ministerial and high levels.

During the event, the Myanmar Permanent Representative attended the opening, closing, signing ceremonies and round tables' discussion, and observed the exhibition: "Accelerating SDGs through Industry" conducted by Saudi Arabia and UNIDO. In addition, he attended the Gala dinner in the evening of 23 October 2024.

**********************************



မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း UNIDO ၏ MIPF 2024
ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်



မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း UNIDO ၏ MIPF 2024 Ministerial Round Table ဆွေးနွေးပွဲများသို့ တက်ရောက်စဉ်




MIPF ပိတ်ပွဲအခမ်းအနားတွင် အမြဲတမ်းကိုယ်စားလှယ်က လက်ခံကျင်းပသည့် အိမ်ရှင်နိုင်ငံမှ ဝန်ကြီး ဒုတိယဝန်ကြီးများအား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားစဉ်




မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း UNIDO ၏ MIPF 2024 ဖိုရမ်ကာလအတွင်း ဆော်ဒီအာရေဗျနိုင်ငံနှင့် UNIDO တို့၏ Accelerating SDGs through Industry ပြခန်းသို့ ကြည့်ရှုလေ့လာစဉ်